# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 July 2024 ၁၁၅၂၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကြွရောက်ချီးမြှင့်တော်မူ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

## တိုင်းပြည်သာယာဝပြောရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၇

## ၁၃၈၆ (၂၀၂၄)ခုနှစ် (၃၁)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

စာမျက်နှာ » ၈

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမှတစ်ဆင့် တရုတ် - မလေးရှား ဆက်ဆံရေး ပိုမိုတိုးတက်လာ

စာမျက်နှာ » ၁၃

## အောင်ပွဲနဲ့အတူ ပြန်လာကြပါ

အယ်ဒီတာ့ထံ ပေးစာ

စာမျက်နှာ » ၁၅

# အပြုသဘောမဆောင်လုပ်ရပ်များ အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်

ဂျီနီဗာမြို့တွင် ၂၀၂၄ ခုနှစ် ဇွန်လ ၁၈ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၆)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးပွဲများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့ပြီး အစည်းအဝေးမှ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲ ဆုံးဖြတ်အတည်ပြုချက်များသည် အပြုသဘောမဆောင်သည့် ဘက်လိုက်ဆောင်ရွက်ချက်များဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်မပြု ကန့်ကွက်ရှုတ်ချခဲ့ပါသည်။

လူ့အခွင့်အရေးကောင်စီသည် အစည်းအဝေးကာလအတွင်း အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ခဲ့ရာတွင် လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုစသည်တို့နှင့် သွေဖည်လျက်ရှိသည်ကို တွေ့ရသည်။ လူ့အခွင့်အရေးကောင်စီ၏ မူလချမှတ်ထားသော ရည်ရွယ်ချက်များတွင် မျှတကောင်းမွန်သည့်အချက်များ ပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင် ကောင်စီကို အထောက်အပံ့အများဆုံးပေးနေသော နိုင်ငံအဖွဲ့အစည်းများ၏ နိုင်ငံရေးခံယူချက်အတိုင်း အကောင်အထည်ဖော်နေသည်ကို စိတ်ပျက်ဖွယ် တွေ့မြင်နိုင်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ပံ့ပိုးပေးရန် မေတ္တာရပ်ခံသည့် အချက်အလက်များအား မြန်မာနိုင်ငံအနေဖြင့် ထောက်ပံ့ပေးခဲ့သော်လည်း မဟာမင်းကြီး၏ အစီရင်ခံစာနှင့်တင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများ၏ ပြောကြားချက်များကိုသာ အလေးပေးဖော်ပြခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားအရေးနှင့် ဘာသာရေးဆိုင်ရာ တင်းမာမှုကိုဖြစ်စေသော AA အကြမ်းဖက်အဖွဲ့၏ ဒေသခံပြည်သူများအပေါ် ကြီးလေးသောကျူးလွန်မှုများနှင့် ပတ်သက်၍ အစီရင်ခံစာတွင် လျှော့ပေါ့ဖော်ပြထားသည်။ အစီရင်ခံစာသည် နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်ပြီး အဖျက်လုပ်ရပ်များကို လုပ်ကိုင်နေသည့် အခြားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို လျှော့ပေါ့ဖော်ပြထားသည်။

OIC က မကြာသေးမီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်ကပြုလုပ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများ၌ ချမှတ်ဆုံးဖြတ်ခဲ့သည့် အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်ကာလက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များ၏ အဓိကအကြောင်းရင်းနှင့် လက်သည်ကိုဖော်ပြရန် ပျက်ကွက်ပြီး မသိကျိုးကျွန်ပြုထားသည်။ ယခုလည်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များ သမာသမတ်ကျစွာ မှန်မှန်ကန်ကန် လေ့လာသုံးသပ်ခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲ ပြောကြားချက်များသည် ပြဿနာတစ်ခုအား စိတ်ရင်းမှန်ကန်စွာဖြင့် ဖြေရှင်းရန် ရည်ရွယ်ချက်ကင်းမဲ့နေသည်။

အပြန်အလှန်ဆွေးနွေးပွဲများတွင် အထူးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့်သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ သောင်းကျန်းသူများနှင့် အကြမ်းဖက်အဖွဲ့ NUG နှင့် လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အချက်အလက်များနှင့် ပုံဖော်ပြောဆိုဝါဒဖြန့်မှုများကို သံယောင်လိုက်၍ ပြောဆိုထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူ၊ ရဟန်းရှင်လူ ၇၈၀၀ ကျော်တို့၏ ကြေကွဲဝမ်းနည်းဖွယ်ရာဘဝများကို မျက်ကွယ်ပြုထားသည်။ အစီရင်ခံစာတင်သွင်းသူက မြန်မာနိုင်ငံရှိ တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကို ထောက်ပံ့နေသယောင် လွဲမှားစွာဖော်ပြထားပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်အရေးယူပိတ်ဆို့ရန် တောင်းဆိုထားရာ မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝကို ပြင်းထန်စွာသက်ရောက်မှုဖြစ်စေနိုင်သည်။

အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို ရှုတ်ချရမည့်အစား အကြမ်းဖက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကို နှိုးဆော်တိုက်တွန်းလျက်ရှိသည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းမှ ဖယ်ကြဉ်ရန် သိသာထင်ရှားစွာ ဦးတည်ထားသည်။ အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ မေတ္တာရပ်ခံချက်များကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဒီမိုကရေစီထွန်းကားရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ ပျက်ပြားစေရန်နှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ချက်အဆိုများ၊ အပြုသဘောမဆောင်သည့်လုပ်ရပ်များကို မြန်မာနိုင်ငံအနေဖြင့် အစဉ်တစိုက် ကန့်ကွက်ရှုတ်ချသွားမည်ဖြစ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၆-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၅-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၆-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၇၄) ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၅ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၆-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၉၂)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၆-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း (၇၀၅)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **“ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြဖိနှိပ် ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တွံတေးမြို့နယ် ရွှေကွန်တာဓမ္မရိပ်သာကျောင်း၌ (၇)ကြိမ်မြောက် တာဝတိံသာမြတ်စွာဘုရား (ဘုရားတက်ပွဲဗုဒ္ဓပူဇနိယ)ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

တွံတေး ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မငေးအလယ်ကျေးရွာအုပ်စု ကွန်တာကျေးရွာ ရွှေကွန်တာဓမ္မရိပ်သာကျောင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇)ကြိမ်မြောက် တာဝတိံသာမြတ်စွာဘုရားတက်ပွဲကို ဝါဆိုလပြည့်နေ့တွင် ရွှေကွန်တာဓမ္မရိပ်သာကျောင်းဝင်းအတွင်းရှိ တာဝတိံသာတန်ဆောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ရွှေကွန်တာဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ မြန်မာတစ်နိုင်ငံလုံးတွင် တတိယမြောက်ဖြစ်သော တာဝတိံသာမြတ်စွာဘုရားပူဇော်ပွဲတော်ကြီးကို နှစ်စဉ် ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ နံနက် ၇ နာရီခွဲမှ စတင်ကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်ခြင်းနှင့် ကျေးရွာအတွင်းရှိပြည်သူများက စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ပူဇော်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၉၀၀ | ၁,၅၇၄ | ၁၃,၅၅၆,၉၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၆,၅၁၀ | ၂၁,၈၁၄,၈၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၃၀ | ၄၉,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၉၂၆ | ၁,၅၃၄,၁၅၀ |
| AMATA | ၄,၇၀၀ | ၄,၁၀၀ | ၂၁၃ | ၁,၀၀၀,၅၀၀ |
| MAEX | ၃,၆၅၀ | ၃,၆၅၀ | ၃၀၀ | ၁,၀၉၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

### နာယူကြည်ညို

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**စာမျက်နှာ ၄ သို့ ☆**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့က မဟာသီဟနာဒကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့က ဝဲကြီးကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့က အောင်စည်သာကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် မဟာဝိသုတာရာမဈေးကုန်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွေ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် IOM ၏လုပ်ငန်းစဉ်များနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းအခမ်းအနား ကျင်းပ

**လွိုင်ကော် ဇူလိုင် ၁၆**

ကယားပြည်နယ် အစိုးရအဖွဲ့က နေရပ်ပြန် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်နှင့်အညီ ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေးစသည့် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ် ဖြစ်လာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ပြည်သူများကုန်ကျမှုသက်သာစေပြီး အားလုံးလက်လှမ်းမီ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် တာဝန်ရှိသူများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူက ကျန်းမာရေး အသိပညာပေး ဟောပြောကာ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးရဲမိုးဦးက သန့်ရှင်းသော အစားအသောက်နှင့် သောက်ရေအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကြပြီး ဝမ်းပျက်ဝမ်းလျှောအကြောင်း သိကောင်းစရာပညာပေး Video Clip နှင့် ကလိုရင်းဆေးခတ်ခြင်း သရုပ်ပြ Video Clip တို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်ခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နေရပ်ပြန် ပြည်သူများအား ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းအိမ်ရာဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအိမ်ရာဝင်းနှင့် သူနာပြုသင်တန်းကျောင်းဝင်းအတွင်း ကလိုရင်းဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် Bleaching Powder ဖြူးခြင်းစသည့် ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေးသည်။

ထို့အပြင် လွိုင်ကော်မြို့နယ်ခန်းမ၌ ဆေးထိုးစုရပ်များ ဖွင့်လှစ်၍ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ် – ၁၉ ကာကွယ်ဆေးအား နေ့စဉ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တိုးမြစ်ရေ မအူပင်မြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်ခန့် (၂၁ စင်တီမီတာ) တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

### ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးဌာန၏ သန်းခေါင်စာရင်းနှင့် လူဦးရေဆိုင်ရာ စာရင်းဇယား၊ မှတ်တမ်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများတွင် UNFPA အနေဖြင့် နှစ်ကာလရှည်ကြာစွာ အစဉ်တစိုက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှု၊ ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနနှင့် UNFPA တို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံသို့ လာရောက်သည့် UNFPA မှ နိုင်ငံခြားသားဝန်ထမ်းများကို ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ခွင့်ပြုဆောင်ရွက်ပေးမှု၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ရရှိသော လူဦးရေကိန်းဂဏန်း အချက်အလက်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်မည့်အခြေအနေ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများတွင် UNFPA အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## သာယာဝတီမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများ ပေးအပ်

သာယာဝတီ ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း သမဝါယမအသင်းသားတောင်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး၊ စိုက်ပျိုးသည့် သီးနှံအထွက်တိုးပြီး ဈေးကောင်းရရှိရေး၊ အချိန်မီထွန်ယက်စိုက်ပျိုးပြီး သွင်းအားစုများ သုံးစွဲနိုင်ရေးအတွက် မိုးစပါးစိုက်ပျိုးမည့် အခြေခံသမဝါယမအသင်းလေးသင်း၊ အသင်းသား ၂၄၇ ဦးနှင့် မိုးစပါးစိုက်ဧက ၂၀၀၀ အတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေရယူပြီး တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသည့် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ ပုလဲဓာတ်မြေဩဇာအိတ် ၂၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၂၀၀၀ ကို သမဝါယမအသင်းသားတောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သံအမတ်ကြီး ဦးဝဏ္ဏဟန် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၁၇

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏဟန်သည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၅ ရက်က အစ္စလာမာဘတ်မြို့၌ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဇစ် အလီဇာဒါရီ ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# တိုင်းပြည်သာယာဝပြောရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်ကြပါစို့

**မောင်ငြိမ်းအေး**

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် (၇၇)နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ကမ္ဘာတည်သရွေ့ မမေ့နိုင်သောနေ့တစ်နေ့ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသားခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရရှိရေးအတွက်၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် နယ်ချဲ့အစိုးရနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေစဉ် လမ်းခုလတ်၌ပင် မသမာသူ နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်တို့၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကို အသက်နှင့်လဲပေးဆပ်ကာ ရယူပေးခဲ့ကြသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် လွတ်လပ်သော နိုင်ငံအဖြစ် တင့်တယ်စွာရပ်တည်နိုင်အောင် လမ်းညွှန်ပြသပေးခဲ့သည်။ တိုင်းပြည်အတွက် အသက်ပေးဆပ်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားများနှင့် လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့အားလုံးသည် လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းပြည်သာယာဝပြောရေးအတွက် မမေ့မလျော့၊ တာဝန်သိသိ၊ သစ္စာရှိရှိ၊ ဇွဲမာန်အပြည့်ဖြင့် ဆက်လက်ထမ်းဆောင်ကြရမည်။

> ❝ **အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးတို့ဖြင့် ရင်းနှီးရယူပေးခဲ့သော လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် လမ်းညွှန်ပေးခဲ့သည့် နိုင်ငံတော်သာယာဝပြောရေးတာဝန်များကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားအား သိတတ်သောအားဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မှာကြားခဲ့သော “တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သားလူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်”ဟူသည့် မှာကြားချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရမည်** ❞

## ဝိုင်းဝန်းဆောင်ရွက်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးတို့ဖြင့် ရင်းနှီးရယူပေးခဲ့သော လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် လမ်းညွှန်ပေးခဲ့သည့် နိုင်ငံတော်သာယာဝပြောရေးတာဝန်များကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားအား သိတတ်သောအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မှာကြားခဲ့သော **“တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သားလူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်”** ဟူသည့် မှာကြားချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှာကြားချက်များကို ဆက်လက်အကောင်အထည်ဖော်နေသည်ဟုခံယူထားပါသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တွေတပ်နယ်၌ “နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်၊ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းများအောင်မြင်မည်ဟုယုံကြည်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသည့်အချိန်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

## ခိုင်ခိုင်မာမာဆောင်ရွက်

ထို့အပြင် “အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီအပြည့်အဝရရှိသည့် နိုင်ငံဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများဘဝရပ်တည်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးမှသာ ၎င်းတို့ဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ လွယ်ကူသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်၍ ခက်ခဲသည့်အလုပ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် မျှော်မှန်းချက်များကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း” ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်နှင့် လက်ဝေခံနိုင်ငံအချို့က ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများ လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းအဖျက်သမား သောင်းကျန်းသူများက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးနေသည်။ ပြည်ထောင်စုပြိုကွဲပျက်စီးအောင် ပြုလုပ်နေသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်လုပ်ဆောင်နေသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စွမ်းအားရှိသရွေ့ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် တိုင်းပြည်ကာကွယ်ရေး၊ စီးပွားတိုးတက်ရေး၊ တည်ဆောက်ရေးတို့ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

## အခွင့်အရေးတန်းတူ

ပြည်ပနိုင်ငံအချို့က အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီပေးနေသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများက တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ အချို့ဒေသများတွင် ငြိမ်းချမ်းရေးကို လိုလားသည့် တိုင်းရင်းသားအဖွဲ့များက လုံခြုံရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ အခွင့်အရေးတန်းတူရရှိရေး၊ အကာအကွယ်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံရေးကို အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နေသည်။ နယ်မြေအလိုက် အာဏာထူထောင်ရေးကို ဆောင်ရွက်နေသည်။ လုံခြုံရေးတပ်ဖွဲ့များက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးနေသည်။

လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်။ တပ်မတော်သည် ပြည်ထောင်စုအကျိုးကိုရှေးရှု၍ လက်နက်ကိုင်ပဋိပက္ခများကို ခုခံကာကွယ်သည်မှအပ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်။ နိုင်ငံရေးပါတီများ၊ NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

## အားကောင်းအောင်ကြိုးပမ်း

စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံသူ နိုင်ငံသားများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်။ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ထိရောက်သည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပေးနေသည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးသည် အရေးကြီးသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရ ပညာသင်ကြားနိုင်ရေးကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသော အချို့ဒေသများ၌ ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် CDM ဆောင်ရွက်မှုများကြောင့် နယ်ပယ်ကဏ္ဍအသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးသွားခဲ့သည်။ ကာယကံရှင်များ ထိခိုက်နစ်နာမှုများဖြစ်ကြရသလို နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုပင်ဖြစ်သည်။ အဆိုပါနစ်နာဆုံးရှုံးမှုများကို ကုစားပေးနိုင်ရန် နိုင်ငံတော်အစိုးရက ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းအရာပေါ်မူတည်၍ အမည်မည်းစာရင်းမှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ပုံမှန်အတိုင်း နေထိုင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

## ဦးစားပေးဆောင်ရွက်

လစ်ဟာသွားသော ပညာရေးဝန်ထမ်းများ ပြန်လည်ပြည့်မီဆောင်ရွက်နိုင်ရေး၊ မဖွင့်လှစ်ရသေးသော ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်ပြီးကျောင်းများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ပညာရေးဝန်ထမ်းများ လုံခြုံရေး၊ ချီးမြှင့်ထောက်ပံ့ရေးနှင့် အလားတူလစ်ဟာသွားသည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်မီစွာပြန်လည်ခန့်ထားနိုင်ရေး၊ ဆရာဝန်မရှိသည့် ဆေးရုံဟူ၍ မရှိစေရေး၊ အခြေခံလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၈ သို့** ☆

> ❝ **ဗိုလ်ချုပ် ကြိုတင်မြော်တွေးထားခဲ့သည့် မြန်မာပြည်၏ စီးပွားရေးတိုက်ပွဲဟာ ရှည်ကြာမည်၊ ခက်ခဲမည်ဆိုသည့်အတိုင်း ပြည်တွင်း/ပြည်ပ အနှောင့်အယှက်မျိုးစုံတို့ကြောင့် စီးပွားရေးတွင် အောင်မြင်မည့် အခြေအနေများရှိပါလျက်နှင့် အခက်အခဲများ ကြုံတွေ့နေသည်။**
>
> **စည်းလုံးညီညွတ်မှုပျက်ပြားအောင် ပြည်တွင်း/ပြည်ပနှောင့်ယှက်မှုမျိုးစုံ ကြုံတွေ့နေသည်။ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ တိုက်ခိုက်၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေကြသည်။ တိုင်းပြည်ကို ကာကွယ်ရန်၊ တစ်တိုင်းပြည်လုံး ကြီးပွားစေရန် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား မပြုလုပ်ရန်လိုသည်။ ပြန်လည်ထူထောင်ရေးဖြစ်စေ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးဖြစ်စေ လုပ်သည့်အခါတွင် တိုင်းပြည်လူထုနှင့်ယှဉ်ပြီး ကိုယ်ထိလက်ရောက် ပါဝင်လုပ်ဆောင်ကြရန်လို** ❞

# ၁၃၈၆ (၂၀၂၄)ခုနှစ် (၃၁)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၄ ဌာနတို့၌ ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ ၁၇၄၄၂ ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ ၁၂၉၈၄ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ ၇၁၉၂ ပါးဖြစ်ရာ ၅၅ ဒသမ ၃၉ ရာခိုင်နှုန်း အောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋ္ဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၄၇၄ ပါး၊ လေးကျမ်းအောင် ၁၀၀၃ ပါး၊ သုံးကျမ်းအောင် ၉၄၄ ပါး၊ နှစ်ကျမ်းအောင် ၇၇၀ ပါး၊ တစ်ကျမ်းအောင် ၁၂၃၀ ပါးတို့ဖြစ်သည်။ ဝိနည်းငါးကျမ်းအောင် ၁၄၇၄ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် မှော်/၂၀၄၊ ရှင်ဆန္ဒကိတ္တိ အသက်(၁၆)နှစ်၊ (အဘ) ဦးဇော်ဦး၊ ပင်စိမ်းပင်ရွာ၊ ပင်းတယမြို့နယ်၊ ဖားအောက်တောရစာသင်တိုက်၊ ထောက်ကြန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် စိန်/၇၆၊ ရှင်ဝိစာရ၊ အသက်(၂၀)နှစ်၊ (အဘ) ဦးထွန်း၊ အုန်းချောရွာ၊ ပုသိမ်ကြီးမြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စိန်/၁၄၆၊ ရှင်ပညာဒီပါလင်္ကာရ၊ အသက်(၂၀)နှစ်၊(အဘ)ဦးအကျော်၊ သာမညရွာ၊ ဘားအံမြို့နယ်၊ ရတနာပန်းကုံးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် ပထမခုံအမှတ် မရ/၁၄၅၊ မစန္ဒာသိရီ၊ အသက်(၃၄) နှစ်၊(အဘ) ဦးသန်းမောင်၊ အင်တောရွာ၊ ရေနံချောင်းမြို့နယ်၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋ္ဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၆၅ ပါး၊ နှစ်ကျမ်းအောင် ၁၅၅ ပါး၊ တစ်ကျမ်းအောင် ၁၁၂ ပါးတို့ဖြစ်သည်။ သုံးကျမ်းအောင် ၂၆၅ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ခုံအမှတ် ပူရ/၁၇၊ အရှင်ဝိစက္ခဏ၊ အသက်(၃၀)နှစ်၊ (အဘ) ဦးစိန်ငွေး၊ မြောက်ရွာ၊ မြင်းခြံမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် မဟာမ/၁၊ အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက်(၃၁)နှစ်၊ (အဘ)ဦးမြငွေ၊ ဆယ်ရွာ၊ သုံးခွမြို့၊ ဓမ္မဒါယာဒကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် ဒဂရ/၂၊ အရှင်နန္ဒိသေနာလင်္ကာရ၊ အသက်(၂၉) နှစ်၊ (အဘ) ဦးထွန်းအေး၊ ရှားပြားရွာ၊ ပင်းတယမြို့နယ်၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋ္ဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၉ ပါး၊ နှစ်ကျမ်းအောင် ၈၇ပါး၊ တစ်ကျမ်းအောင် ၅၆ ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋ္ဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၃၉ ပါး၊ နှစ်ကျမ်းအောင် ၂၀ ပါး၊ တစ်ကျမ်းအောင် ၁၁ ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋ္ဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၇၉ ပါး၊ နှစ်ကျမ်းအောင် ၁၉၀ ပါး၊ တစ်ကျမ်းအောင် ၁၆၀ ပါးတို့ဖြစ်သည်။ သုံးကျမ်းအောင် ၂၇၉ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် စက/၂၃၊ အရှင်ဝေသာရဇ္ဇာလင်္ကာရ၊ အသက်(၂၁)နှစ်၊(အဘ)ဦးမင်းဆောင်၊ ကွမ်းတောရွာ၊ မြိုင်မြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် စိန်/၁၇၊ အရှင်ကောလိယာလင်္ကာရ၊ အသက်(၂၀) နှစ်၊ (အဘ) ဦးစံညွန့်၊ တိန်းပန်ရွာ၊ လားရှိုးမြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စက/၂၄၊ အရှင်ပါမောဇ္ဇ၊ အသက်(၂၁)နှစ်၊ (အဘ) ဦးခင်မောင်စိုး၊ ထန်းတပင်ရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋ္ဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်နှစ်ပါး၊ လေးကျမ်းအောင်သုံးပါး၊ သုံးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင်ငါးပါး၊ တစ်ကျမ်းအောင် ခြောက်ပါးတို့ ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋ္ဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်နှစ်ပါး၊ လေးကျမ်းအောင်(–)ပါး၊ သုံးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင်နှစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၄၇ ပါး၊ တစ်ကျမ်းအောင် ၁၂၂ ပါးတို့ဖြစ်သည်။ နှစ်ကျမ်းအောင် ၁၄၇ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် မဟာမ/၂၊ အရှင်နန္ဒောဘာသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ (အဘ) ဦးသန်းဝင်း၊ နတ်ရေကန်ရွာ၊ ချောင်းဦးမြို့နယ်၊ ဓမ္မဝေဒဂူကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် စိန်/၂၊ အရှင်ကေတုမာလာလင်္ကာရ၊ အသက်(၂၃)နှစ်၊ (အဘ) ဦးသန်းစိုးနိုင်၊ တောင်တွင်းကြီးမြို့၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စက/၅၊ ရှင်ပညာစက္ကာလင်္ကာရ၊ အသက်(၂၁) နှစ်၊ (အဘ) ဦးလှကျော်၊ တပ်ပေါင်းရွာ၊ ဆိပ်ဖြူမြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)(ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်ခြောက်ပါး၊ သုံးကျမ်းအောင်နှစ်ပါး၊ နှစ်ကျမ်းအောင်ခြောက်ပါး၊ တစ်ကျမ်းအောင်(–)ပါးတို့ဖြစ်သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋ္ဋက) ဝိနည်းအဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်နှစ်ပါး၊ နှစ်ကျမ်းအောင်ရှစ်ပါး၊ တစ်ကျမ်းအောင် ၁၀ ပါးတို့ဖြစ်သည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋ္ဋက)ဒီဃနိကာယ်အဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်လေးပါး၊ နှစ်ကျမ်းအောင်ငါးပါး၊ တစ်ကျမ်းအောင်သုံးပါးတို့ဖြစ်သည်။

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋ္ဋက) မဇ္ဈိမနိကာယ်အဌကထာ (မဟာဝိဒူတန်း) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူမရှိ။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋ္ဋက) သံယုတ္တနိကာယ်အဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင်(–)ပါးတို့ ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋ္ဋက)အင်္ဂုတ္တိုရ်အဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်သုံးပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)အဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်နှစ်ပါး၊ တစ်ကျမ်းအောင်(–)ပါးတို့ဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)အဌကထာ(မဟာဝိဒူတန်း)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူသုံးပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်) (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကို ဝိဒူတန်း အုပ်စုကိုးအုပ်စုနှင့် မဟာဝိဒူတန်းအုပ်စုခုနစ်အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၇၁၉၂ ပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်) (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov. mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၇ မှ

နိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်သူများပေါများရေးသည် နိုင်ငံအတွက် အရေးကြီးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့် ရွေးကောက်ပွဲသည် ပြည်သူများ၏လိုလားမှုဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံ့သမိုင်းတွင် ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့် ၂၀၂၀ ပြည့်နှစ် မဲစာရင်းမှားယွင်းသည့်အဖြစ်မျိုး ထပ်မံမဖြစ်ပွားစေရန် အဖြစ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။ မဲစာရင်းမှားယွင်းမှုမဖြစ်စေရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ မှန်ကန်သည့် မဲစာရင်းများရရှိမှသာ ရွေးကောက်ပွဲကို မှန်ကန်ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## သမိုင်းပေးတာဝန်ထမ်းဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မျက်မှောက်ကာလ ဆောင်ရွက်ချက်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံကို တာဝန်ယူဆောင်ရွက်နေသော ကာလအတွင်း အကောင်းဆုံး၊ အဖြစ်နိုင်ဆုံး ဆောင်ရွက်နေခြင်းဖြစ်သည်။ အနှောင့်အယှက်အမျိုးမျိုးအဖုံဖုံ ကြုံတွေ့နေသည့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် တို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် သမိုင်းပေးတာဝန်အဖြစ် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်း ကြိုတင်မြော်တွေးထားခဲ့သည့် အခြေအနေများအတိုင်း ကြုံတွေ့လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ အမြော်အမြင်ကြီးမားသည့် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၏ ကြိုတင်မြော်တွေးထားသည်များမှာ သွေးထွက်အောင်ပင် မှန်နေသည်ကို မြင်တွေ့နိုင်ပါသည်။ ဗိုလ်ချုပ်ကြိုတင်မြော်တွေးထားခဲ့သည့် မြန်မာပြည်၏ စီးပွားရေးတိုက်ပွဲဟာ ရှည်ကြာမည်၊ ခက်ခဲမည်ဆိုသည့်အတိုင်း ပြည်တွင်း/ပြည်ပ အနှောင့်အယှက်မျိုးစုံတို့ကြောင့် စီးပွားရေးတွင် အောင်မြင်မည့်အခြေအနေများရှိပါလျက်နှင့် အခက်အခဲများ ကြုံတွေ့နေသည်။ ကြန့်ကြာမှုများ၊ နှောင့်နှေးမှုများ၊ စိန်ခေါ်မှုများရှိနေသည်။

## ဗိုလ်ချုပ်သဘောထား

စည်းလုံးညီညွတ်မှုပျက်ပြားအောင် ပြည်တွင်း/ပြည်ပနှောင့်ယှက်မှုမျိုးစုံ ကြုံတွေ့နေသည်။ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ တိုက်ခိုက်၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေကြသည်။ တိုင်းပြည်ကို ကာကွယ်ရန်၊ တစ်တိုင်းပြည်လုံးကြီးပွားစေရန် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားမပြုလုပ်ရန်လိုသည်။ ပြန်လည်ထူထောင်ရေးဖြစ်စေ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးဖြစ်စေ လုပ်သည့်အခါတွင် တိုင်းပြည်လူထုနှင့်ယှဉ်ပြီး ကိုယ်ထိလက်ရောက် ပါဝင်လုပ်ဆောင်ကြရန်လိုသည်။ စုပေါင်းလုပ်ကြရန်လိုသည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခုရှိရန် လိုအပ်သည်။ ယင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သော သဘောထားများဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးသလို၊ လေးစားတန်ဖိုးထားသလို၊ မမေ့နိုင်သလို ဗိုလ်ချုပ်မှာကြားချက်များကို အလေးထားကြရမည်ဖြစ်သည်။ ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်ကဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး ဆောင်ရွက်ချက်များသည် ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသည့်အတိုင်း အကောင်အထည်ဖော်နေခြင်းဖြစ်၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## လသာမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက အဆိုပါကျောင်း မြည်သီလာခန်းမ၌ ပြုလုပ်သည်။

**ဟောပြော**

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသန်းသန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းသဲနုအောင်က



အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အနာဂတ်လူငယ်များ မျိုးချစ်စိတ် အစဉ်ဖြစ်ထွန်းစေရေး ဟောပြောပြီး အထက(၂) လသာမှ Grade-12 ကျောင်းသူ မဖူးမြတ်အိမ့်က အာဇာနည်နေ့တို့မမေ့ ခေါင်းစဉ်ဖြင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် အထက(၂)လသာတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကျင်းပခဲ့သည့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး အာဇာနည်နေ့အထိမ်းအမှတ် ပြသထားသည့် ပြခန်းအား ကျောင်းသူများက လှည့်လည် ကြည့်ရှုခဲ့ကြသည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၅၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နန်းသဲနုအောင်**

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများနှင့် ဟောပြောပွဲများကျင်းပ



**ဇီးကုန်း ဇူလိုင် ၁၆**

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများနှင့် ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် အထက ဇီးကုန်းကျောင်းခန်းမ၌ ကျင်းပသည်။

အာဇာနည်နေ့အကြို ပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၀၄ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း လေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ပေါက်ခေါင်း ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(အိုးဘိုကုန်း) ခန်းမဆောင်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး



အထက်တန်းပြဆရာမ ဒေါ်အေးအေးသင်းက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းအရာများကို ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပရာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မြင့်မြတ်ဂုဏ်ရည် အာဇာနည်" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အာဇာနည်နေ့ ဒို့မမေ့" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၂ ဦးနှင့် အထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "၁၉ ဇူလိုင် မမေ့နိုင်" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**မှော်ဘီ ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(မင်းရွာ)၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မင်းရွာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအေးက အဖွင့်အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက လူငယ်များအတွက် အောင်မြင်ရေးနည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် Book Club အဖွဲ့ အတွင်းရေးမှူး စာရေးဆရာဝင်းနွယ်(ပုသိမ်)မှ လွမ်းရိပ်ဝေစည်အာဇာနည်ဟူသော ခေါင်းစဉ်ဖြင့် သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက



ဆုများချီးမြှင့်ခဲ့ကြပြီး တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် အထက(မင်းရွာ)မှ အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရစာစီစာကုံး၊ ပန်းချီ၊ ကဗျာတို့ကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

## ထိန်းသိမ်းမလပ် ကျေးဇူးဆပ်

☆ ရဲရင့်သည့် လက်ရုံးရည်
နှလုံးရည် စွမ်းရည်ကဲ
သတ္တိနှင့် ဗျတ္တိမြဲ အာဇာနည်ပဲ။

☆ အများကျိုးတွက် အသက်စွန့်
ရဲရဲဝံ့ အားမာန်ကိုး
စွန့်စားစွာ သူ့သယ်ပိုး
အာဇာနည်မျိုး။

☆ တို့နိုင်ငံ လွတ်လပ်ရေးတွက်
သွေးချွေးသက် စွန့်ကာနွံ
တိုက်ယူကာ သည်အောင်ပွဲ
ဆုပ်ကိုင်လက်ထဲ။

☆ ခေါင်းဆောင်တွေ မြန်မနှေး
လွတ်လပ်ရေး လက်ဝယ်ပိုင်
ကိုယ့်နိုင်ငံ ရှေ့အရေး
စည်းဝေးကာထိုင်။
"ဆယ့်ကိုးရက်" လဇူလိုင်
လက်နက်ကိုင် မိုက်ရူးရဲ။
လုပ်ကြံကာ မိုက်မိုက်မဲ
ခေါင်းဆောင်တွေ ခန္ဓာစဲ
သွေးအိုင်ဖွက်ထဲ။

☆ တိုင်းပြည်နှင့် လူမျိုးတွက်
အသက်နှင့် သူ့ခန္ဓာ
စတေးကာ စွန့်ခွာသွား
အာဇာနည်များ။

☆ သက်သွေးချွေး စွန့်ပေးဆပ်
လွတ်လပ်သည့်ချုပ်အခြာ
ထွတ်မြတ်ရတနာ။
ခံစားရ များသူငါ
လွဲရှာ အာဇာနည်များ။
ကျေးဇူးခံ ကျေးဇူးစား
အမွေခံ မျိုးဆက်များ
ချုပ်အခြာ ဦးထိပ်ထား
ကျေးဇူးဆပ်ဖို့ ကြိုးစား
ထိန်းသိမ်းစို့လား။

(အာဇာနည် ခေါင်းဆောင်ကြီးများကို အလေးပြုလျက်)

**ကျော်စောဟန်**

# လွိုင်ကော်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်



နေပြည်တော် ဇူလိုင် ၁၆

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒွေးမယ်နော်ဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ သုတေသနပရောဂျက်ပြပွဲ (၂၀၂၄)ကျင်းပ



နေပြည်တော် ဇူလိုင် ၁၆

သုတေသန ပရောဂျက်ပြပွဲ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology –MIIT)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပုဂ္ဂလိက IT လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားကြပြီး MIIT ပါမောက္ခချုပ်က သုတေသနပရောဂျက်ပြပွဲ (၂၀၂၄)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသူများနှင့်အတူ စက်ရုပ်၊ ဉာဏ်ရည်တု နည်းပညာများ အပါအဝင် ခေတ်မီ IT Hardware နှင့် Software နည်းပညာများကို ကျောင်းသား ကျောင်းသူများက အဖွဲ့လိုက် ပေါင်းစပ်အသုံးချပြီး တီထွင်ဆန်းသစ်ထားသည့် သုတေသနပရောဂျက် ၃၄ ခုကို လှည့်လည်ကြည့်ရှုအားပေးကာ သုတေသနရလဒ်များကို ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အမှန်တကယ် အကျိုးပြုနိုင်ရန်အတွက် ပရောဂျက်မှ လက်တွေ့နယ်ပယ်များ၌ အသုံးချနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးက နိုင်ငံ့အကျိုးပြု စွမ်းရည်မြင့် IT ပညာရှင်များ ပေါ်ထွန်းလာရေး ဝန်းကျင်ကောင်းများဖော်ဆောင်ကာ နိုင်ငံတကာနည်းပညာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မြေတောင်မြှောက်ပေးရန်၊ ယခုကဲ့သို့ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများကို ထိန်းသိမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံသော ပြည်သူ့အကျိုးပြု IT နည်းပညာရှင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ အသင်းများကို သုတေသနထူးချွန်ဆုများ ဂုဏ်ပြုချီးမြှင့်ကြသည်။

အဆိုပါ MIIT တက္ကသိုလ်ကို အိန္ဒိယသမ္မတနိုင်ငံမှ နည်းပညာအထောက်အပံ့ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သုတေသန ပရောဂျက်အခြေပြု လေ့လာမှုစနစ်ဖြင့်ပါ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပရောဂျက်ပြိုင်ပွဲများကိုလည်း ပညာသင်နှစ်အလိုက် နှစ်စဉ် ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲဝင် ပရောဂျက်များမှ ဆုများကို ရွေးချယ်ရာတွင် တီထွင်ဖန်တီးနိုင်မှု၊ နောက်ဆုံးပေါ် Tools များ အသုံးပြုနိုင်မှု၊ သီအိုရီထည့်သွင်း အသုံးချနိုင်မှု၊ လွယ်ကူပြီး ကျယ်ပြန့်စွာ အသုံးပြုနိုင်မှုစသည့် အချက်များပေါ်မူတည် ရွေးချယ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီး၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးလှုပ်ရှားမှုများ ဆောင်ရွက်

မကွေး ဇူလိုင် ၁၆

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး လှုပ်ရှားမှု (Monday Stop) ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများရှိ အရာထမ်း၊ အမှုထမ်းများသည် ဇူလိုင် ၁ ရက်နှင့် ၇ ရက်တို့တွင် သရက်ခရိုင်၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ တောင်တွင်းကြီးမြို့နယ်နှင့် ချောက်မြို့နယ်တို့ရှိ မြို့မဈေးများ၊ မကွေးခရိုင်ရှိ ကန်သာဈေးနှင့် ဆိပ်ဖြူမြို့နယ်ရှိ ပတ္တမြားဈေးတို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဈေးရောင်း ဈေးဝယ်ပြည်သူများအား ကြွပ်ကြွပ်အိတ်များ သုံးစွဲခြင်းမပြုဘဲ ကြွပ်ကြွပ်အိတ်အစားထိုးပစ္စည်းများအား အသုံးပြု၍ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ခြင်းများ ရှိ/မရှိ လိုက်လံစစ်ဆေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစားထိုး စက္ကူ၊ အင်ဖက်၊ ငှက်ပျောဖက်တို့ကို ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇူလိုင် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေး လျက်ရှိပါသည်–

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄–၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၂–၇–၂၀၂၄ ရက်မှ ၃၀–၈–၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း –၀၄၂– ၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)** အမှတ်–၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း– ၀၈၁–၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**သတင်းစဉ်**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ(၁) စာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၆

၂၀၁၄ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ယခုအခါ တတိယသက်တမ်းသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စာပေနှင့် သတင်းမီဒီယာ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ ပါဝင်သော ကောင်စီဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတတိယသက်တမ်းသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို သတင်းမီဒီယာဌာနအသီးသီးမှ သတင်းမှန်ထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကို မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ သတင်းတုသတင်းမှားများကို စိစစ်ဝေဖန် သုံးသပ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများတွင် ဟောပြောပွဲများ ကျင်းပလျက် သတင်းမီဒီယာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ သတင်းမီဒီယာ ဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့် ညီညွတ်မှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုကိစ္စများအပေါ်တွင်လည်း နှစ်ဖက်ညှိနှိုင်း ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တတိယသက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့သည်များကို မှတ်တမ်းအဖြစ် ပြုစုထားရှိသည့် "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ (၁) စာအုပ်"ကို ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။

အဆိုပါ စာအုပ်ကို ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာလုပ်ငန်းနှင့်ဆက်စပ်ပြီး စိတ်ပါဝင်စားသော အဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ လေ့လာလိုသူများအတွက် အခမဲ့ဖြန့်ချိလှူဒါန်းလျက်ရှိပြီး မည်သည့်စာကြည့်တိုက်များမဆို မှတ်တမ်းအဖြစ် ထားရှိလိုပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖုန်း - ၀၉၄၄၈၀၁၂၆၃၂၆ သို့ ဆက်သွယ်မှာကြားနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အခမဲ့ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (Myanmar National Building Code – 2024) အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။




အစည်းအဝေးတွင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ငွေး၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လုပ်ငန်း ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များက MNBC–2024 ရေးဆွဲပြုစုရေး လက်ရှိဆောင်ရွက်နေမှုနှင့် ထပ်မံဖြည့်စွက်လိုသည့် အချက်များကို လည်းကောင်း၊ လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄)၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို လည်းကောင်း ဖတ်ကြားအတည်ပြု ဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ငွေး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် MNBC – 2024 ဆပ်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်း၊ အဆောက်အဦ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမော်နှင့် အင်ဂျင်နီယာချုပ်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သတင်းစဉ်



## ဒေးဒရဲမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းခြင်းနှင့် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

ဒေးဒရဲ ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ဒါအောင်ကုမ္ပဏီများက လုပ်ငန်းအစီအစဉ်များ ချပြရှင်းလင်းခြင်းနှင့် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်သီသီအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်းနှင့် တင်ဒါအောင်ကုမ္ပဏီများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်မည့် ကျေးရွာ ရှစ်ရွာ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာတစ်ရွာနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကျေးရွာတစ်ရွာ စုစုပေါင်း ကျေးရွာ ၁၀ ရွာအား စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၇

## ဟသ်ာတမြို့၌ လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

ဟသ်ာတ ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လယ်ယာသုံး စက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဟသ်ာတမြို့ အမှတ်(၂) အလတ်စားစက်ပြင်အလုပ်ရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသော်ဇင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်သန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ယခုသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။



သင်တန်းကို သင်တန်းသား ၃၀ ဖြင့် ဇူလိုင် ၁၅ ရက်မှ ၂၆ ရက်အထိ ရက်သတ္တ နှစ်ပတ်အကြာ စာတွေ့/လက်တွေ့ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

## မင်းထက်သာ အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း အစည်းအဝေး ကျင်းပ

လှိုင်သာယာ ဇူလိုင် ၁၆

လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ မင်းထက်သာအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် သဘာပတိဖြစ်သူ မင်းထက်သာအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးဇော်သစ်ဦးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများကို အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ကာ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

# ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ကျန်းမာရေးဆိုင်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က လက်ရှိဖြစ်ပွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကိုယမန်နေ့က သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူစိန်က အဖွင့်အမှာစကား ပြောကြားပြီး ဗိုလ်တထောင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က လက်ရှိဖြစ်ပွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေး ကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ဗိုလ်တထောင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့်အဖွဲ့က လက်ခံရယူခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ သာကေတမြို့နယ်တို့သို့ တစ်မြို့နယ်လျှင် ထုံးအိတ် ၅၀၊ ရေသန့်ကတ် ၂၀၊ ရေသန့်ဆေးပြား ၅၀၀ နှင့် ဗိုလ်တထောင်မြို့နယ်သို့ ရေသန့်ကတ် ၂၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် သာကေတမြို့နယ် ၁ / အနော်မာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ထားသော ကုသရေးဆေးခန်း၌ တာဝန်ရှိသူများအား ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရောဂါဖြစ်ပွားသည့် လူနာ၏ နေအိမ်သို့သွားရောက်၍ ကြက်ဥ၊ ရေသန့်နှင့် ကာကွယ်ရေးသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# မရမ်းကုန်းမြို့နယ် အထက (၃)တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အထက(၃)တွင် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အလုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

စုပေါင်းစိုက်ပျိုး

ယင်းနောက် ကျောင်းဝင်းအတွင်း ကွျန်း၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ခရေ၊ ငု၊ ထိုင်ဝမ်ဗာဒံ စုစုပေါင်းပျိုးပင် ၁၅၀ ကို ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မအူပင်မြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲကျင်းပ



မအူပင် ဇူလိုင် ၁၆

အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း A1 ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ရေလဲကလေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ကိုက မိမိတို့ကျေးရွာတွင် အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းပါ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက် တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားသည်။ ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်တွေ့သင်ကြားပြသမည့် စက်ပစ္စည်းများနှင့် သင်တန်းသားများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသားများရွေးချယ်၍ ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၄ ရက်အထိ မွမ်းမံသင်တန်း ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# ပြည်မြို့နယ် ကြို့ရသာကျေးရွာ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

ပြည် ဇူလိုင် ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့နယ် တွင်းဖြည်းကျေးရွာအုပ်စု ကြို့ရသာကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကိုကိုဦးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ပြည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသူတစ်ဦးထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက သင်တန်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းသို့ ဒေသခံပြည်သူ သင်တန်းသူပေါင်း ၁၅ ဦး တက်ရောက်ကာ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ သင်တန်းကာလ တစ်လကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ စက်ရုံနှစ်ရုံသို့ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အတွင်းရှိ မြစိမ်းရောင်စက်မှုဇုန် Zong Hong (Myanmar) Garment Co.Ltd အထည်ချုပ်စက်ရုံနှင့် Sincerece Season (Myanmar) Garment Co.,Ltd စက်ရုံ၌ ပြုလုပ်ခဲ့ကြရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းသူနှင့် ဦးစီးအရာရှိ ဦးစိုးမင်းတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကဝမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုး

ကဝ ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ထားသည့် လက်ဆွဲကောက်စိုက်စက်များဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ဇူလိုင် ၁၄ ရက်က မကျက်ကြီးကျေးရွာ တောင်သူ ဦးတင်မောင်၏ လယ်ယာမြေ၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ကြပ်အဖွဲ့မှ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးပုံနည်းစနစ်များ ရှင်းလင်းပြောကြားခြင်း၊ မိုးစပါးပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြရာ မကျက်ကြီးကျေးရွာ၊ သပြေကန်ကျေးရွာ၊ ရှမ်းကန်ကျေးရွာ၊ သပြုကျေးရွာနှင့် ဘုမ္မဇိုးကျေးရွာတို့မှ တောင်သူ ၄၀ ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။**

အယ်ဒီတာ့ထံပေးစာ

# အောင်ပွဲနဲ့အတူ ပြန်လာကြပါ

**အယ်ဒီတာခင်ဗျား–**

ယောက်ျားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ စစ်သားဖြစ်ဖို့ ကြိုးစားခဲ့ပေမယ့် မျက်စိစမ်းသပ်တဲ့ ဆေးဘုတ်မှာကျခဲ့လို့ စစ်သားတစ်ယောက်မဖြစ်ခဲ့ပါဘူး။ ကျွန်တော်ဟာ ဟိုးငယ်စဉ် စစ်တိုက်တမ်းဆော့ကစားတဲ့အရွယ်ကတည်းက စစ်သားဖြစ်ချင်ခဲ့တာပါ။ အိမ်နားမှာ စစ်သားတွေ လုံခြုံရေးတာဝန်ထမ်းဆောင်ဖို့ ရောက်လာတိုင်း သူတို့ စစ်ဝတ်စုံတွေ ဝတ်ကြည့်၊ စစ်လက်နက်တွေ ကိုင်ကြည့်နဲ့ သိပ်အားကျမိပါတယ်။

ကိုယ်တိုင် စစ်သားမဖြစ်ခဲ့ပေမယ့် စစ်သားတွေကိုတွေ့တိုင်း အားကျတဲ့အကြည့်၊ ကိုယ်မလုပ်နိုင်တာကို လုပ်နိုင်စွမ်းတဲ့သူတွေအဖြစ် အထင်ကြီးတဲ့အကြည့်တွေနဲ့ ကြည့်ခဲ့ပါတယ်။ စစ်ကြောင်းတွေနဲ့တွေ့ရင်၊ လုံခြုံရေးလုပ်နေတဲ့ စစ်သားတွေနဲ့တွေ့ရင် တတ်နိုင်သမျှလည်း ဆေးလိပ်ကအစ ကော်ဖီမစ်ထုပ်တွေအလယ် စားစရာ၊ သောက်စရာတွေ ဝေမျှပေးခဲ့ဖူးပါတယ်။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ပြည်ပနိုင်ငံကြီးတွေ၊ ပြည်ပမီဒီယာတွေ၊ ပြည်တွင်းမှာ စိမ့်ဝင်ထိုးဖောက်ရောက်နေတဲ့ ပြည်ပနိုင်ငံက သူလျှိုဒလန်တွေ၊ ပြည်တွင်းက ဒေါ်လာစား အလိုတော်ရိတွေက ကျွန်တော်တို့ငယ်စဉ်ကတည်းက မြန်မာ့တပ်မတော်ကို အမျိုးမျိုး ပုံဖျက်နေခဲ့တာမို့ စိတ်မကောင်းစရာ သတင်းစကားတွေ နားယောင်တဲ့ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းတွေနဲ့ အချေအတင်ဖြစ်၊ စကားနိုင်လု ပြောနေဆိုနေရတာလည်း အကြိမ်ကြိမ် အခါခါပါပဲ။ စစ်ဘေး၊ ရေဘေး၊ မီးဘေး၊ သဘာဝဘေးမှာ ဒုက္ခ သုက္ခတွေကြုံပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ ကူညီကယ်ဆယ်စောင့်ရှောက်မှုတွေ ကိုယ်တိုင်ကြုံရမှပဲ သူတို့တွေ အတော်များများလည်း နားလည်သဘောပေါက်လာပါတယ်။

အခုဆို မြို့ကြီး ပြကြီးတွေမှာပါ သေနတ်သံ၊ ဗုံးသံတွေ မကြားဖူးသူမရှိ ကြားလာရပါပြီ။ တစ်ချက်တလေကြားရတဲ့ သေနတ်သံ၊ ဗုံးပေါက်ကွဲသံတောင် ဒီလောက် ကြောက်ရွံ့တုန်လှုပ်စရာကောင်းတာမို့ နှစ်ဖက်အပြန်အလှန်ပစ်ခတ်တဲ့ သေနတ်သံတွေကြား၊ ဗုံးသံတွေကြား စစ်သားတိုင်းဟာ ပျော်မွေ့နေတာမဟုတ်ပေမယ့် ကိုယ်တိုင်ရွေးချယ်ထားတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်မို့ အသက်ကို ဖက်နဲ့ထုပ်ပြီး လုပ်နေကြရတယ်ဆိုတာ ကျွန်တော့်သူငယ်ချင်းတွေ၊ မိတ်ဆွေတွေကို နှိုင်းယှဉ်ပြောပြမိပါတယ်။

လပိုင်းလောက် စစ်သင်တန်းတက်ထားတဲ့ PDF တွေနဲ့ စနစ်တကျ လေ့ကျင့်ထားတဲ့ တပ်မတော်သားတွေ အများကြီးကွာပါတယ်။ ခေါင်းဆောင်ပိုင်းလည်း အတူတူပါပဲ။ စစ်ကျောင်းကြီးတွေမှာတက်ပြီး အဆင့်ဆင့် ရာထူးရလာတဲ့ ခေါင်းဆောင်တွေဆိုတာ စာတွေ့ရောလက်တွေ့ပါ လေ့ကျင့်ခဲ့ကြ၊ ရင့်ကျက်တဲ့ အတွေ့အကြုံတွေ ရှိကြတာမို့ လက်နက်ကိုင် မိုက်ရူးရဲ EAOs ခေါင်းဆောင်တွေနဲ့ အများကြီးကွာခြားတယ်လို့ ကျွန်တော်တော့ မြင်ပါတယ်။ သူတို့ လတ်တလောအဆမတန်များပြားတဲ့ အင်အားကြောင့်၊ လတ်တလော တိုက်ချင်ခိုက်ချင်စိတ်ဖြစ်အောင် မူးယစ်ဆေးဝါးတွေ သုံးထားတာတွေကြောင့် သွေးကြွနေပေမယ့် သူတို့ ကြောက်ရွံ့ထိတ်လန့်နေတာကို ရှေ့တန်းမှာ တယ်လီဖုန်းနဲ့ ကိုယ်တိုင်ရိုက် တိုက်ပွဲအစစ်အမှန် ဗီဒီယိုတွေမှာ တွေ့မြင်သုံးသပ်ရပါတယ်။ သူတို့ မကြာမီ လက်မြှောက်အရှုံးပေးလာမှာပါ။

သူတို့ထက်သာတာက သူတို့က သူပုန်မို့ ရည်ရွယ်ချက်မရှိ သူတို့ခေါင်းဆောင်တွေအတွက် စစ်တိုက်တာဖြစ်ပေမယ့် တပ်မတော်သားတွေက နိုင်ငံရဲ့အချုပ်အခြာအာဏာအတွက်၊ ပြည်ထောင်စုမပြိုကွဲဖို့အတွက် တိုက်ပွဲဝင်နေသူတွေဖြစ်ပါတယ်။ စစ်တိုက်တယ်ဆိုတာ ပန်းနဲ့ပေါက်နေတာမဟုတ်ပါဘူး၊ ဂိမ်းကစားနည်းတစ်ခုလည်း မဟုတ်ပါဘူး။ တပ်မတော်သားတွေဟာ ပြည်သူလူထု စိတ်အေးချမ်းစွာ နေထိုင်ရစေဖို့၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်တွေကို အနှောင့်အယှက်ကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့၊ အေးချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ဖို့အတွက် တိုက်ပွဲဝင်နေသူတွေမို့ သေရင်တောင် ငရဲမလားဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။

တရားသောစစ်ပွဲ အောင်မြင်ပါစေ။

သပြေပန်းနဲ့လက်ကမ်းကြိုဆိုနေတဲ့မိဘ မောင်ဖွား ချစ်သူဇနီးမယား မိသားစုတွေရဲ့ရင်ခွင်ကို အောင်ပွဲနဲ့အတူ မကြာမီပြန်လည်ရောက်ရှိနိုင်ကြပါစေလို့ အယ်ဒီတာမှတစ်ဆင့် ရင်ဖွင့်ရေးသား အသိပေးလိုက်ရပါတယ်။

**စစ်သားကိုချစ်တဲ့ စစ်သားဖြစ်ချင်ခဲ့တဲ့ မောင်ထွေး (ရန်ကုန်မြို့)**



## ပြည်ခရိုင် ရွှေတောင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်ကာ ပြည်ခရိုင် ရွှေတောင်မြို့ပေါ်ရှိ ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများသည် ကြာနီကန်ရပ်ကွက် ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ကြာနီကန်ရပ်ကွက် ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိဓမ္မာရုံ၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၃၆ စု၊ လူဦးရေ ၅၃၀ တို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် အလှူငွေများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်မြို့နယ်၌ မျိုးစေ့ချကိရိယာများဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြ

**မအူပင် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၉)စက်မှုလယ်ယာစခန်း မအူပင်မြို့မှ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ညောင်ဝိုင်းကျေးရွာရှိ တောင်သူဦးအေးမြင့်၏ မိုးစပါးစိုက်ခင်း သုံးဧကတွင် ကျင်းပခဲ့သည်။

သရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းမြင့်က ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဘေးကြားတောင်ပံ့မျိုး သုံးဧကအား သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေးနှိုးဆော်

**ချောင်းဆုံ ဇူလိုင် ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ရေဘေးနှင့်မြေပြိုဘေးအန္တရာယ်များကို ပြည်သူများသတိပြုကာကွယ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များအား အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်က ကလော့ကျေးရွာနှင့် ညောင်လမ်းကျေးရွာတို့တွင် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ကွင်းဆင်းဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ရဲလွင်နှင့် ဝန်ထမ်းများက ပြည်သူများသိရှိစေရန်အတွက် ရေဘေးအန္တရာယ်နှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကျေးရွာများအတွင်း အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ကာ



အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကျန်ရှိသည့်ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ ဇူလိုင် ၁၈ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



## တံတားဦးမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တံတားဦး ဇူလိုင် ၁၆**

တံတားဦး ခရိုင်/မြို့နယ်၏ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီက တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာအုပ်စု သူငယ်တော်တောရဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုင်းက မိုးရာသီ သစ်ပင်စိုက်ပျိုးရန်အတွက် ရတနာတန်းဝင်ကျွန်းပင်များကို တာဝန်ရှိသူထံသို့လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုက မိုးရာသီ သစ်ပင်စိုက်ပျိုးရန်အတွက် ရတနာတန်းဝင် ကျွန်းပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကျောင်းသား ကျောင်းသူများထံသို့လည်းကောင်း အသီးသီးပေးသည်။

ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ရတနာတန်းဝင်ကျွန်းပင် ၁၉၅ ပင်အား တပျော်တပါး စိုက်ပျိုးကြသည်။

ရဲတင့်( ပြန်/ဆက်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏။**

## သထုံမြို့နယ်၌ အခြေခံလူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**သထုံ ဇူလိုင် ၁၆**

မွန်ပြည်နယ် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက သထုံမြို့နယ်နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မြတ်အေးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊



Scrub နှင့် ဆပ်ပြာခရင်မ် အမျိုးမျိုးတို့ကို ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ အခြေခံသင်တန်းပြီးစီးပါက မွမ်းမံ သင်တန်းကို ခုနစ်ရက်ကြာ ထပ်မံသင်ကြားပေးမည်ဖြစ်ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)



## ဝါးခယ်မမြို့၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**ဝါးခယ်မ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းပါ အမျိုးသမီးများဝင်ငွေတိုးရရှိရေးလုပ်ငန်းမှ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဝါးခယ်မမြို့နယ် ကလကျေးရွာတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလင်းက သင်တန်းဖွင့်အမှာစကားနှင့် အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းပါ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၀ ဦးဖြင့် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ တစ်လကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး နည်းပြဆရာမဒေါ်ဝင့်သီဂီအောင်က ဘာသာရပ် ၁၂ မျိုးတို့ကိုစာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဝေဝေ(မြောင်းမြ)

## မော်ဘီမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် မော်ဘီမြို့နယ် လိပ်ပွတ်ကျေးရွာတွင် အခြေခံစက်ချုပ်သင်တန်းက ယမန်နေ့က ဖွင့်လှစ်သည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်သော စက်ပစ္စည်းများနှင့် ကုန်ကြမ်းများ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီဌာနမှ ခရိုင်ဦးစီးမှူး(ကိုယ်စား) ဦးစီးအရာရှိ ဒေါ်စန်းစန်းထွေးက သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးကို သင်တန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အခြေခံစက်ချုပ်နည်းများကို တစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၃၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## မုဒုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မုဒုံ ဇူလိုင် ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြောပွဲ၊ စာကြည့်တိုက်များအား စာအုပ်လှူဒါန်းပွဲနှင့် ပြပွဲပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက် ခုနစ်တိုက်အတွက် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ပုံပြင်၊ ရုပ်ပြ စသည့်စာအုပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူသည်။ ဆက်လက်၍ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများပေးအပ်ကာ အသိပညာပေး နံရံကပ်ပိုစတာများ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေး



ပြည် ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကွင်းဆင်းကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ ပေါင်ကြီးတင်စနစ်ဖြင့် မိုးနှမ်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာအား ပေါင်ကြီးတင်စနစ်ဖြင့် စတင်စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ရာ ယခုစနစ်ဖြင့် စိုက်ပျိုးခြင်းသည် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိနိုင်ကြောင်း လက်တွေ့သိမြင်နေရပြီဖြစ်၍ ဒေသခံနှမ်းစိုက်တောင်သူများအား ခေါ်ယူပြသခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျဉ်းမအိုင်ကျေးရွာအုပ်စု ကျောသာကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေပြည်မြေကုမ္ပဏီတို့ ပူးပေါင်း၍ မိုးမတ်ပဲ(TBL-9) စံပြစိုက်ခင်း ဧက ၂၀ နှင့် မိုးမြေပဲ(မကွေး-၁၆) မျိုးသန့်ပွားစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပြည်မြို့နဝင်းရပ်ကွက် ရွှေတချောင်းလမ်းပေါ်ရှိ ဒေါ်စောသန္တာ၏ (အောင်ပဲခွဲစက်) လည်ပတ်နေမှုအား သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေပလ္လင်မော်စေတီတော်၏ ဗမ္မာရုံ၌ ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် ရေဝင်ရောက်ခဲ့သည့် နဝင်းရပ်ကွက်အတွင်း ရေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ရေဘေးသင့်ပြည်သူ ၇၅၃ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ဆား၊ အာဟာရမုန့်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး နှစ်ပတ်စာ ငွေကျပ် ၃၁၆၂၆၀၀ ထောက်ပံ့ပေးအပ်ခဲ့ကာ ဧရာဝတီမြစ်ရေတက်မှု အခြေအနေအား ကြည့်ရှုခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ကမ်းနားလမ်း လမ်းချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော



မော်လမြိုင် ဇူလိုင် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက သီရိမြိုင်ရပ်ကွက် သရက်ကုန်းရပ် မွန်မင်းလမ်းဟိုတယ်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခေတ္တမော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက မူခင်းကျဆင်းရေး အကြောင်းအရာများအားလည်းကောင်း၊ မုပ္ပွန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းသန့်က သတင်းတု၊ သတင်းမှားများကို သိရှိနိုင်သည့်နည်းလမ်းများ၊ သတင်းတု၊ သတင်းမှားများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ၊ အင်တာနက်အသုံးပြုရာတွင် မဖွယ်မရာတင်ခြင်း၊ တိုက်ခိုက်ပြောဆိုခြင်းစသည့် တည်ဆဲဥပဒေများအရ တားမြစ်အရေးယူခြင်းခံရနိုင်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ လည်းကောင်း မုပ္ပွန်နယ်မြေရဲစခန်း အပိုင်နယ်မြေအတွင်းရှိ ဟိုတယ်/ မိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေဆိုင်ပိုင်ရှင်များ၊ ရပ်မိ/ ရပ်ဖများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ် အခြေခံစက်ချုပ် နည်းပညာသင်တန်း ဖွင့်လှစ်

ရေတာရှည် ဇူလိုင် ၁၆

တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအား ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကြံသနွယ်ကျေးရွာအုပ်စု နန်ချွန်ကျေးရွာတွင် ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နှင်းနန္ဒာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုထွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငုဝါကျော်နှင့် ခရိုင်ဦးစီးမှူး ဒေါ်နှင်းနန္ဒာလှိုင်တို့က သင်တန်းသို့တက်ရောက်ကြသည့် သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းအား ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်သည့် သင်တန်းသူ ၁၅ ဦးအား သင်တန်းနည်းပြ နှစ်ဦးမှ စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဘီးလင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်



ဘီးလင်း ဇူလိုင် ၁၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အမျိုးသမီးအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာကျော်စိန် ရေးသားသည့် "လူငယ်လမ်းညွှန်" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက စာဖတ်ရှိန် မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အမျိုးသမီးအသင်းအဖွဲ့ဝင် ဒေါ်သင်းသင်းထွေးက "လူငယ်နှင့်ကြီးပွားရေး"၊ (Youth Club) အဖွဲ့ဝင် ဒေါ်မြတ်နန်းအိမ်က "သင်ယူရမည့်အရာနှင့် သင်ယူနည်း"၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ယုမြင့်မိုရ်မှူးက "လူငယ်နှင့် ပညာရေး" စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး အထက (ဘီးလင်း)မှ ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များအပေါ် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**❖ MFF မှ**

ဂိုးမရှိသရေကျနေသော်လည်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် 7 Brother အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ 7 Brother အသင်းအတွက် ဂိုးများကို ၂၈ မိနစ်တွင် အောင်ခန့်ပိုင်နှင့် ၃၁ မိနစ်တွင် ပြည့်ဖြိုးသူတို့က သွင်းယူပြီး Marga အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၇ မိနစ်တွင် ဖြိုးသီဟက သွင်းယူခဲ့သည်။ RPG အသင်းနှင့် Sar Bal Gyi Doh အသင်းတို့ပွဲတွင် RPG အသင်းက ပထမပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ RPG အသင်းအတွက် အနိုင်ဂိုးများကို ၃ မိနစ်တွင် ဇော်ဝင်းဦး၊ ၈၊ ၁၉ မိနစ်တွင် ထွန်းလင်းအောင်နှင့် ၁၂ မိနစ်တွင် ကောင်းထက်ဇော်တို့က သွင်းယူခဲ့သည်။

တတိယနေရာလုပွဲအဖြစ် Marga အသင်းနှင့် Sar Bal Gyi Doh အသင်း၊ ဗိုလ်လုပွဲအဖြစ် 7 Brother အသင်းနှင့် RPG အသင်းတို့ တွေ့ဆုံနေပြီး ဇူလိုင် ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

**○ အာဆီယံမှ**

ခြေစစ်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ပြည်တွင်းပြိုင်ပွဲနှစ်ခု၊ ပြည်ပပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြီးခဲ့သည့်ရာသီများထက် ပိုမိုပြင်ဆင်ထားသလို ပြည်တွင်း၊ ပြည်ပကစားသမားသစ်များလည်း ခေါ်ယူအားဖြည့်ထားသည်။

**လူစုံပါဝင်လာ**

ခြေစစ်ပွဲ ပထမအကျော့ကစားမည့် လူစာရင်းတွင်လည်း ဒဏ်ရာရကစားသမားများမှလွဲ၍ လူစုံပါဝင်လာသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီ ပထမဆုံးပြိုင်ပွဲအဖြစ် ပြည်တွင်းဖလားပြိုင်ပွဲဖြစ်သော MNL League Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရာ ချန်ပီယံဆုဆွတ်ခူးရရှိခဲ့သလို MNL အမှတ် ပေးပြိုင်ပွဲတွင်လည်း နှစ်ပွဲဆက်တိုက် အနိုင်ရရှိထားရာ ယခုပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရန် တွန်းအားတစ်ရပ်ဖြစ်လာနိုင်သည်။ **ကိုညီလေး**

**ရေချိုတာရေးနည်းလမ်းများ**

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ The Lake Suites Condo ရှိ အကျယ်အဝန်း စတုရန်းပေ (၁၂၈၇) ရှိ အခန်းအမှတ် (12 A 07) ဟုခေါ်တွင်သော ကွန်ဒို တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်များနှင့် ပူးတွဲပါဝင်သည့် ပစ္စည်းများ၊ ရေကူးကန် အသုံးပြုခွင့်၊ ခါတ်လှေကားအသုံးပြုခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ချိုချိုမာ [၁၂/ကတတ(နိုင်)၀၀၂၀၂၀] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထား၊ မူရင်းစာချုပ်စာတမ်း အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးဝေဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၇၈၄)**
**အမှတ်–၆၂၊ ပထမထပ်၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၄၆၁၂၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ အေးရိပ်မြိုင်လမ်း၊ မြေကွက်အမှတ်(၁၀၈၃/က)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဝင်းနိုင် (N/OKA–၀၈၃၄၅၇)မှ အမည်ဖြင့် ချထားပေးခဲ့ပြီး ၎င်းထံမှ ဦးဗိုလ်အေး [၃/ကကရ(နိုင်)၀၇၀၀၆၅]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဦးဗိုလ်အေး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းစိုး [၁၀/မလမ(နိုင်) ၁၄၈၄၅၂] မှ ဆက်ခံပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၁၇)**
**LL.B,D.B.L,D.M.L, D.I.L(W.I.P.O – Switzerland)**
**အခန်းအမှတ်(၄၀၁)၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာအိမ်ရာ၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း – ၀၉–၇၉၁၇၂၂၆၀၇၊ ၀၉–၄၄၈၀၂၅၈၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၅ လမ်း၊ တိုက်အမှတ်(၈)၊ အဆောက်အဦ ပဉ္စမထပ်၊ (A–6)၊ (အလျား ၁၅ပေ x အနံ ၆၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ (၁) ဦးအောင်လွင် [၁၂/သကတ(နိုင်)၁၆၂၄၉၀]၊ (၂) ဒေါ်လဲ့ယမင်း [၇/ဝမန(နိုင်)၁၀၇၅၄၃]တို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံသည့် စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်အား ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမွန်ကျော် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၆၈၄ /၂၃)**
**အမှတ် (၁၅)၊ (၅)လွှာ၊ သစ္စာလမ်း၊ တောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၀၅၀၇၁၇၆၊ ၀၉–၉၅၀၆၉၄၃၈၆**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၂၀၊ မြေကွက်အမှတ်– ၂/ခ၊ ဧရိယာ(၀.၀၃၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၂/ခ)၊ ရောဝတီပတ်လမ်း၊ (၆/၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးသိန်းဝင်း (ISN–၁၆၁၀၆၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား ဂရန်မြေ အမည်ပေါက် ဦးသိန်းဝင်း (ISN–၁၆၁၀၆၄) ဖခင်ဖြစ်သူကွယ်လွန်၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်– ၈၉၃၀ (၁၀–၁၀–၂၀၂၃) ဖြင့်ပိုင်ဆိုင်သူ – ဦးသိန်းမြင့် [၁၁/အမန(နိုင်)၀၄၇၅၀၀]၊ ဒေါ်တင်ရွှေဝင်း [၈/မဘန(နိုင်)၀၀၃၇၄၀]၊ ဒေါ်စန္ဒာမြင့်[၈/ပခက(နိုင်)၁၆၄၇၉၈]၊ ဦးသိန်းဇော်တင့်[၈/မဘန(နိုင်)၁၀၄၈၆၁] တို့ဖြစ်ပြီး ဦးသိန်းမြင့်၊ ဒေါ်တင်ရွှေဝင်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၉၀/၂၇–၁–၂၀၂၂) ဒေါ်စန္ဒာမြင့် ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၅၁၃/၁၈–၃–၂၀၂၂) ရရှိသူ– ဦးသိန်းဇော်တင့် [၈/မဘန(နိုင်)၁၀၄၈၆၁]မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ မြေငှားဂရန်မူရင်းသည် နေအိမ်အရွှေ့အပြောင်းပြုလုပ်ရာတွင် ပျောက်ဆုံးသွားကြောင်း ၊ မြေငှားဂရန်မူရင်းကို အခြားတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ဖခင်ဦးသိန်းဝင်းအမည်ပေါက် မြေငှားဂရန်မူရင်းမှာ နေအိမ်အရွှေ့အပြောင်းတွင် ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ် (၂၁၃၃/၂၃)(၁၄–၁၀–၂၀၂၃)၊ ပါဝါ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိပြီး ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကျမ်းကျိန်အမှတ်(၂၁၃၄/၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဂရန်ထုတ်ပေးမည်ဖြစ်ပါသဖြင့် (T.L.R)တွင် ဂရန်မိတ္တူ ခွင့်ပြုကြောင်းနှင့် မူလထုတ်ပေးထားသော ဂရန်မူရင်းအား ပယ်ဖျက်ကြောင်း ရုံးတွင်းအမိန့်အမှတ်(၆၆၀/၂၀၂၄) (၈ –၂ –၂၀၂၄) ဖြင့် မှတ်သားပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၄–၂၀၂၅)ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ရန်ကုန်မြို့ရှိ ကက်သုတ်ကြေးနီ (၂၀၀)မက်ထရစ်တန်အား (၁၀)မက်ထရစ်တန် (20)Lots ခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံး အသေးစား၊ အလယ်စား၊ အလတ်စား(MSME)စက်မှုလက်မှု လုပ်ငန်းရှင်များသို့ **"မြန်မာကျပ်ငွေ"** ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်သည့်နေ့တွင် အင်တာနက်၌ ပေါ်ထွက်လာမည့် ယမန်နေ့ ကမ္ဘာ့သတ္တု ပေါက်ဈေးနှုန်း (London Metal Exchange–LME)ပါ ကက်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်းအပေါ်တွင် အခြေခံ၍ သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME+Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေး အများဆုံး ပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ သယ်ဆောင်စရိတ်များအတွက် ကျသင့်ငွေများကို ကြေးနီကုန်ကြမ်းသုံးစက်မှုလက်မှု လုပ်ငန်းရှင်များမှ မိမိတို့ အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့် နေ့ရက်နှင့် အချိန်မှာ (၃၀–၇–၂၀၂၄)ရက်နေ့၊ မွန်းလွဲ (၁၄:၀၀)နာရီဖြစ်ပြီး ယင်းနေ့ ညနေ (၁၅:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇– ၃၄၀၉၃၇၈ နှင့် ၀၆၇–၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## "အများသိစေရန် ကြေညာခြင်း"

အထက်ခေါင်းစဉ်ပါအကြောင်းအရာနှင့် ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိမ်းပြာစိုးနှင့်ခင်ပွန်းဖြစ်သူ ဦးစိုးဇော်ထက်[၁၂/ဒဂဆ(နိုင်)၀၀၇၅၅၃]တို့သည် လွန်ခဲ့သော ၂၀၁၆ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ဦးစိုးဇော်ထက်မှ ၂၀၂၄ခုနှစ်၊ ၂လပိုင်းမှစ၍ လင်မယားချင်းစကားများရာမှ နေအိမ်မှဆင်းသွားခဲ့ပြီး ယနေ့တိုင်မည်သည့် ဆက်သွယ်မှုတစ်စုံတစ်ရာ ထောက်ပံ့ခြင်းများပြုလုပ်ခဲ့ခြင်းမရှိကြောင်း ညွှန်ကြားချက်အရသိရှိရပါသည်။ သို့ပါ၍ ဦးစိုးဇော်ထက်နှင့် ပတ်သက်သည့် ပြဿနာအရှုပ်အရှင်းများ၊ ငွေရေးကြေးရေးကိစ္စများ၊ အခြားလူမှုရေးပြဿနာများနှင့် ကိစ္စအရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်မှုမရှိပါကြောင်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စိမ်းပြာစိုး** | **ဒေါ်ညီညီမြင့် (LL.B)** |
| **[၁၄/သပန(နိုင်)၁၀၅၀၃၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၃၃)** |

**အမှတ်–၇၃၉၊ ဘုရင့်နောင်လမ်း၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**09–421717257**

## "ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(မ/၄၉)၊ အကျယ်အဝန်း(၆၀x၅၀)ပေဟုခေါ်တွင်သော အိမ်၊ ခြံ၊ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ အိမ်၊ ခြံ၊ မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်လက်ဝယ်ယူ ပိုင်ဆိုင်လက်ရောက် ရရှိထားသူ ဒေါ်ခင်ခင်သိုက် [၁၂/အစန(နိုင်)၁၁၇၄၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နေဆွေးမဲန် [၅/ကလထ(နိုင်)၁၂၅၄၇၈] မှ (၂၉–၅–၂၀၂၄) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နေဆွေးမဲန် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၂၄၂၄၈၂၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းအောင် [၁၂/မရက(နိုင်)၀၄၁၃၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

